Australian Government
Department of Home Affairs

# စားသုံးသူလမ်းညွှန် - မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ

ဩစတြေးလျ၌ လူဝင်မှုကြီးကြပ်ရေးအထောက်အပံ့ပေးသူသည် မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ် ( registered migration agent ) ၊ ဥပဒေရေးရာလေ့ကျင့်ထားသူ သို့မဟုတ် ကင်းလွတ်ခွင့်ရသူ တစ်ဦးမဟုတ်ပါက ၎င်းအတွက် ပြစ်မှုတစ်ခုဖြစ်သည်။ ဩစတြေးလျတွင် တရားမဝင်လူဝင်မှုကြီးကြပ်ရေး အထောက်အပံ့များပေးသူမည်သူကိုမဆို Department of Home Affairs ဝက်ဘ်ဆိုက်ရှိ Border Watch Online Report ကို အသုံးပြု၍ သတင်းပေးပို့သင့်သည်။ သင်၏လူဝင်မှုကြီးကြပ်ရေးကိစ္စရပ်များအား အထောက်အပံ့ပေးသူတစ်ဦးသည် သင့်အား ဗီဇာတစ်ခုရရန် အာမမခံနိုင်ကြောင်းသိရန်အရေးကြီးသည်။

---

## မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ

မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များသည် ကျွမ်းကျင်ပညာရပ်စံနှုန်းများနှင့် ကိုက်ညီကာ ကျင့်ဝတ်စည်းကမ်းကိုလိုက်နာပြီး ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဥပဒေနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ နောက်ဆုံးရ ဗဟုသုတများကို ထိန်းသိမ်းထားရမည်။

မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များအားလုံးတွင် သီးသန့်ဖြစ်သည့် Migration Agents Registration Number (MARN) တစ်ခုစီရှိပါသည်။ သင်သည် လူတစ်ယောက် OMARA ဝက်ဘ်ဆိုက် www.mara.gov.au-တွင် မှတ်ပုံတင်ထားခြင်းရှိမရှိစစ်ဆေးနိုင်သည်

The **Office of the Migration Agents Registration Authority (OMARA)** သည် Department of Home Affairs ၏ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဩစတြေးလျရှိ မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များအတွက် စည်းမျဉ်းစည်းကမ်းများ ထိန်းချုပ်မှုအဖွဲ့ဖြစ်သည် ။ OMARA သည် -

- ဩစတြေးလျနိုင်ငံတွင် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်တစ်ဦးအဖြစ် မှတ်ပုံတင်ခြင်းအတွက် လျှောက်လွှာများကို အကဲဖြတ်ခြင်းနှင့်ဆုံးဖြတ်ခြင်း
- မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များ၏ လုပ်ဆောင်မှုကို စောင့်ကြည့်လေ့လာကာ တိုင်ကြားမှုများကို စုံစမ်းစစ်ဆေးပြီး လိုအပ်ပါက စည်းကမ်းထိန်းသိမ်းအရေးယူခြင်းများ ပြုလုပ်သည်။

OMARA သည် သင့်အား ဗီဇာ သို့မဟုတ် အာမခံပေးသည့် လျှောက်လွှာနှင့်ပတ်သက်၍ အကူအညီမပေးနိုင်ပါ သို့မဟုတ် မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်က သင့်အားအခကြေးငွေများကို ပြန်အမ်းရန် အမိန့်မပေးနိုင်ပါ။

## ကျင့်ဝတ်စည်းမျဉ်း

မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များလိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းများအရ မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များသည် -

- ဗီဇာရရန် သင်၏အခွင့်အရေးနှင့်ပတ်သက်၍ ရိုးသားရမည်

- မှန်ကန်သောအကြံဉာဏ်များပေးပြီး သင့်လျှောက်လွှာ၏ တိုးတက်မှုနှင့် ၎င်းအားသက်ရောက်နိုင်သည့် ပြောင်းလဲမှုများအကြောင်း သင့်အားအသိပေးရမည်
- ဥပဒေဘောင်အတွင်းမှ ဆောင်ရွက်ရမည်၊ သင့်အကျိုးစီးပွားနှင့် သင့်ကိုယ်ရေးလုံခြုံမှုကို ကာကွယ်ပေးရမည်
- ၎င်းတို့တွင် သင့် အကျိုးစီးပွားနှင့် ပဋိပက္ခဖြစ်စေနိုင်သော အကျိုးစီးပွားတစ်ခုခုရှိမရှိ သင့်ကိုပြောပြပြီး သင့်လျော်သော အရေးယူဆောင်ရွက်မှု ပြုလုပ်ရမည်
- ပေးအပ်မည့် ဝန်ဆောင်မှုများ၊ ခန့်မှန်းခြေအခကြေးငွေများ နှင့်အခြားကုန်ကျစရိတ်များနှင့်ပတ်သက်၍ အလုပ် မစတင်မီ သင့်အား စာဖြင့်ရေးသားထားသည့် ဖော်ပြချက်တစ်စောင် ပေးထားရမည်
- သင်က ကြိုတင်ငွေပေးသွင်းလျှင် သီးခြားဘဏ်စာရင်းတစ်ခုဖြင့် ထားရှိရမည်
- အမှန်တကယ်ပြီးစီးသော ဝန်ဆောင်မှုများနှင့် ပေးဆောင်ရမည့်ငွေပမာဏကို ဖော်ပြထားသော ငွေတောင်းခံလွှာစာတစ်စောင် သင့်အားပေးရမည်
- သင်၏လျှောက်လွှာနှင့် ပတ်သက်၍ သင့်တော်သော မှတ်တမ်းများ သိမ်းထားရမည်

Code of Conduct အပြည့်အစုံကို OMARA ဝက်ဘ်စာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။

## မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်များနှင့်ပတ်သက်သည့် စိုးရိမ်မှုများ

သင်၏မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ပြဿနာတစ်ခုရှိပါက ယင်းပြဿနာကို ၎င်းတို့နှင့်ဦးစွာဖြေရှင်းပါ။ အကယ်၍ သင်သည် ယင်းကိစ္စကို သင်၏ကိုယ်စားလှယ်နှင့်ဖြေရှင်းမရလျှင် အကူအညီလိုအပ်ပါက OMARA နှင့်ဆက်သွယ်နိုင်သည် ။ OMARA ဝက်ဘ်စာမျက်နှာတွင် complaint form ဖြည့်စွက်ပြီး သင်၏မှတ်ပုံတင်ထားသော ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်နှင့် ပတ်သက်၍ တိုင်ကြားနိုင်သည်။

တိုင်ကြားခြင်းသည် သင်၏ လက်ရှိဗီဇာလျှောက်လွှာကို အကျိုးသက်ရောက်လိမ့်မည်မဟုတ်ပါ သို့မဟုတ် ယခင်ဗီဇာငြင်းပယ်ခံရခြင်း သို့မဟုတ် ဖျက်သိမ်းခံရခြင်း ဆုံးဖြတ်ချက်ရလဒ်ကို ပြောင်းလဲစေလိမ့်မည်မဟုတ်ပါ။

## ဩစတြေးလျ ဥပဒေရေးရာလေ့ကျင့်ထားသူများနှင့် ကင်းလွတ်ခွင့်ရရှိသူများ

ဩစတြေးလျ ဥပဒေရေးရာလေ့ကျင့်ထားသူများနှင့် ကင်းလွတ်ခွင့်ရရှိသူများကဲ့သို့သော အချို့လူများသည် ဩစတြေးလျနိုင်ငံတွင် လူဝင်မှုကြီးကြပ်ရေး အထောက်အပံ့များပေးရန် ရွှေ့ပြောင်းအခြေချနေထိုင်ခြင်းဆိုင်ရာ ကိုယ်စားလှယ်အဖြစ် မှတ်ပုံတင်ရန်မလိုပါ။

ဩစတြေးလျဥပဒေရေးရာလေ့ကျင့်ထားသူများသည် ၎င်းတို့၏ သက်ဆိုင်ရာ ဥပဒေရေးရာလုပ်ပိုင်ခွင့်၏ ပညာရပ်ဆိုင်ရာ အပြုအမူစည်းမျဉ်းများနှင့်အညီ လုပ်ဆောင်ရမည်။ သင်သည် ဥပဒေရေးရာလေ့ကျင့်ထားသူနှင့်ပတ်သက်၍ တိုင်ကြားလိုလျှင် Department of Home Affairs website တွင် ရရှိနိုင်သော 'Consumer guide – legal practitioners' ကိုဖတ်ပါ။

ကင်းလွတ်ခွင့်ရှိသူများတွင် ရင်းနှီးသောမိသားစုဝင်များနှင့် အာမခံပေးသူများပါဝင်သည်။ ကင်းလွတ်ခွင့်ရှိသူများ၏ စာရင်းအပြည့်အစုံကို *Form 956 – Appointment of a registered migration agent, legal practitioner or exempt person* တွင် တွေ့နိုင်သည်။ ကင်းလွတ်ခွင့်ရှိသူများသည် လူဝင်မှုကြီးကြပ်ရေး အထောက်အပံ့များအတွက် အခကြေးငွေ ယူ၍မရပါ။

## ရက်ချိန်းတစ်ခုအဆုံးသတ်ခြင်း

သင်ရက်ချိန်းတစ်ခုကို အဆုံးသတ်လိုပါက *Form 956* ကိုဖြည့်ပါ။

## ဘာသာပြန်ခြင်းနှင့်စကားပြန်ခြင်း

ဘာသာပြန်နှင့်စကားပြန်ဝန်ဆောင်မှု (TIS National) www.tisnational.gov.au ☎ 131 450 မှတစ်ဆင့် စကားပြန်တစ်ယောက်နှင့် စကားပြောပါ

ဇူလိုင် 2021